“လူတို့အားကြောက်ရွံ့ခြင်းသည် သင်တို့အနက်

မည်သူတစ်ဦးတစ်ယောက်ကိုမျှ အမှန်တရားကို

ပြောဆိုခြင်းမှ မတားမြစ်ပါစေနှင့်။ အကယ်၍ ၎င်းသည်ထိုအမှန်တရားကို တွေ့မြင်ပါက သို့မဟုတ် သိပါက

(ပြောဆိုပါ လေ)။”

အဗူစအီးဒ် အလ်ခုဒ်ရီ (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။
“လူတို့အားကြောက်ရွံ့ခြင်းသည် သင်တို့အနက် မည်သူတစ်ဦးတစ်ယောက်ကိုမျှ
အမှန်တရားကို ပြောဆိုခြင်းမှ မတားမြစ်ပါစေနှင့်။ အကယ်၍ ၎င်းသည် ထိုအမှန်တရားကို
တွေ့မြင်ပါက သို့မဟုတ် သိပါက (ပြောဆိုပါ လေ)။”
[صحيح] [رواه الترمذي وابن ماجه وأحمد]

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) သည် မိမိ၏ နောက်လိုက်တပည့်သားများအားဟောပြောသည့်အခါ မိန့်ကြားခဲ့သည့် အကြောင်းအရာများအနက်တစ်ခုမှာ မွတ်စ်လင်မ်တစ်ဦးသည်လူတို့၏ကြောက်ရွံ့မှုနှင့် သြဇာလွှမ်းမိုးမှုတို့က ၎င်းအား အမှန်တရားကိုပြောဆိုခြင်း သို့မဟုတ် ၎င်းကို တွေ့မြင်သော် သို့မဟုတ် သိရှိသော် ၎င်းကိုညွှန်ကြားခြင်းမှရှောင်ကြဉ်ခြင်းမပြုရန်မိန့်ကြားတော်မူခဲ့သည်။

http://www.sunnah.global/hadeeth/my/show/66273